# အကြောင်းအရာများ လျှို့ဝှက်ထားမှုဆိုင်ရာ ကြေညာချက်
# (Declaration Regarding Confidentiality)

**အဖွဲ့အစည်း၏ကြေညာချက်။ ။**

ဒီကြေညာချက်မှာ စေတနာ့ဝန်ထမ်းတွေ သိရမယ့် လျှို့ဝှက်မှုဆိုင်ရာ အဓိကအကြောင်းအရာတချို့ကို အလေးထား ဖော်ပြထားပါတယ်။ ဒီအဖွဲ့အစည်းရဲ့ ထွက်ဆိုချက်အပြည့်အစုံကို ဖတ်လိုပါရင် ဝန်ထမ်းတယောက်ယောက်ဆီမှာ တောင်းယူပါ။

1. ၁။ အချက်အလက်တချို့ကို လျှို့ဝှက်ထားဖို့လိုတယ်ဆိုတာကို ကျွန်ုပ်တို့သိပြီး ဒီအချက်နဲ့ကိုက်ညီတဲ့ အလေ့အကျင့်တွေ၊ လုပ်ငန်းစဉ်တွေကို လိုက်နာဖို့ ခံယူချက်ရှိပါတယ်။

2. ၂။ ကျွန်ုပ်တို့ရဲ့ဝန်ဆောင်မှုကို အသုံးပြုသူက ကျွန်ုပ်တို့ရဲ့ ဝန်ထမ်းတွေ ဒါမှမဟုတ် စေတနာ့ဝန်ထမ်းတွေကိုပေးတဲ့ လျှို့ဝှက် အချက်အလက်တွေကို ဝန်ဆောင်မှုအသုံးပြုသူက ရည်ရွယ်ထားတဲ့ကိစ္စအတွက်ပဲ သုံးရပါမယ်။ ဒါကြောင့် ကျွန်ုပ်တို့ရဲ့ ဝန်ထမ်းတွေနဲ့ စေတနာ့ဝန်ထမ်းတွေက လူတယောက်ရဲ့ လုံခြုံမှု ဒါမှမဟုတ် လျှို့ဝှက်ထားပိုင်ခွင့်တို့ကို ချိုးဖောက်နိုင်တဲ့ အချက်အလက်တွေကို ထုတ်ပြောလေ့မရှိပါဘူး။

3. ၃။ ကျွန်ုပ်တို့ရဲ့ ဝန်ဆောင်မှု အသုံးပြုသူနဲ့ လုပ်ကိုင်ရာက ရတဲ့အချက်အလက်တွေအားလုံးနဲ့ ဒီစည်းကမ်းက သက်ဆိုင်ပါတယ်။ ပြောဆိုချက်၊ ရေးသားချက်တွေနဲ့ ကွန်ပျူတာက မှတ်တမ်းတွေပါ ပါပါတယ်။

4. ၄။ ၁၉၉၈ခုနှစ် အချက်အလက်ကာကွယ်ထားခြင်း အက်ဥပဒေကို လိုက်နာဖို့အတွက် ကျွန်ုပ်တို့ရဲ့ စေတနာ့ဝန်ထမ်းတွေက အောက်ပါအချက်အလက်တွေကို သိထားဖို့ လိုပါတယ်။ ။
   - **ကိုယ်ရေးကိုယ်တာ ဒါမှမဟုတ် ထိခိုက်လွယ်တဲ့အချက်အလက်တွေမှာ အောက်ပါတို့ပါပါတယ်။ ။**
     - o လူမျိုးနဲ့ တိုင်းရင်းသားစတဲ့ နောက်ခံအချက်အလက်
     - o ဘာသာရေး၊ ဒါမှမဟုတ် ယဉ်ကျေးမှု၊ ဒါမှမဟုတ် နိုင်ငံရေး ခံယူချက်
     - o ကူးသန်းရောင်းဝယ်မှုသမဂ္ဂမှာ အဖွဲ့ဝင်ဖြစ်မှု
     - o လိင်ဘက်ဆိုင်ရာ အနေအထား
     - o ရာဇဝတ်မှုဆိုင်ရာ မှတ်တမ်း ဒါမှမဟုတ် နောက်ခံရာဇဝင်
     - o ကျန်းမာရေး မှတ်တမ်းတွေ
     - o ဝန်ထမ်းဆိုင်ရာ မှတ်တမ်းတွေနဲ့ ဝင်ငွေဆိုင်ရာ အချက်အလက်တွေ
   - **လျှို့ဝှက်အချက်အလက်တွေမှာ အောက်ပါတို့ ပါပါတယ်။ ။**
     - o အိမ်ကို ဆက်သွယ်ဖို့အချက်အလက်တွေ (လိပ်စာတွေနဲ့ ဖုန်းနံပါတ်တွေ)
     - o ငွေရေးကြေးရေးဆိုင်ရာ နောက်ခံ
     - o အဖွဲ့ဝင်ဆိုင်ရာ မှတ်တမ်းတွေ
     - o ထောက်ပံ့ကြေးဆိုင်ရာ အချက်အလက်တွေ

5. ၅။ ကျွန်ုပ်တို့ရဲ့ ဝန်ထမ်းတွေနဲ့ စေတနာ့ဝန်ထမ်းတွေက အဖွဲ့လိုက်လုပ်ကိုင်တာကြောင့် ဝန်ဆောင်မှုကောင်းကောင်း ပေးဖို့အတွက် သင့်တော်တဲ့အခါမှာ အုပ်စုတွေနဲ့ လူပုဂ္ဂိုလ်တဦးချင်းတို့နဲ့ဆိုင်တဲ့ အချက်အလက်တွေကို ဖလှယ်ကြပါမယ်။ မှတ်တမ်းတွေ ထားပြီး လူပုဂ္ဂိုလ်တဦးချင်းနဲ့ အုပ်စုတွေနဲ့လုပ်ကိုင်မှုနဲ့ဆိုင်တဲ့ အချက်အလက်တွေနဲ့ လိပ်စ စာရင်းတွေကိုလည်း စောင့်ကြပ်ကြည့်ရှုပါမယ်။

**စေတနာ့ဝန်ထမ်း၏ ကြေညာချက်။ ။**

- စေတနာ့ဝန်ထမ်းတယောက်အနေနဲ့ အထက်ပါ လျှို့ဝှက်ချက်ဆိုင်ရာ ကြေညာချက်ကို ဖတ်ပြီး နားလည်ပြီး ဒီအစီအစဉ်တွေအရ လုပ်ကိုင်မယ်လို့ သဘောတူပါတယ်။
- စေတနာ့ဝန်ထမ်းစင်တာရဲ့ အမှုသည်တွေနဲ့ ဝန်ဆောင်မှုအသုံးပြုသူတွေရဲ့ ကိုယ်ရေးကိုယ်တာအချက်အလက်တွေ၊ ထိခိုက်လွယ်တဲ့အချက်အလက်တွေ ဒါမှမဟုတ် လျှို့ဝှက်ထားရမယ့်အချက်အလက်တွေကို လျှို့ဝှက်ထားပါမယ်။
- စေတနာ့ဝန်ထမ်းတယောက်အနေနဲ့လုပ်ကိုင်ဖို့ သင့်တော်တဲ့အခါ ဒါမှမဟုတ် လိုအပ်တဲ့အခါကျမှ ဒီအချက်အလက်တွေကို တခြားစေတနာ့ဝန်ထမ်းတွေ ဒါမှမဟုတ် ဝန်ထမ်းတွေနဲ့ တိုင်ပင်ပါမယ်။
- ဒီအဖွဲ့အစည်းပြင်ပကလူတွေနဲ့ စကားပြောရာမှာ အမှုသည်တွေနဲ့ ဝန်ဆောင်မှုအသုံးပြုသူတွေရဲ့ နာမည် ဒါမှမဟုတ် တခြားအချက်အလက်တွေကို မပြောပါဘူး။

နာမည်ရေးပါ။ ______________________________ ရက်စွဲ ______________

လက်မှတ် ______________________________